၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်

# သတင်းထုတ်ပြန်ချက်

## မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများမှ ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့်တွေ့ဆုံခြင်း

*စစ်အုပ်စုနှင့် အာဏာခွဲဝေခြင်းအပေါ် CSO များ၏ ငြင်းဆိုမှုကို ထပ်လောင်းပြောကြားပြီး ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အား အကြံပြုတိုက်တွန်းချက်များပေးအပ်*

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်း ၂၀ ဖွဲ့၏ ကိုယ်စားလှယ်များက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် (UNSE) နှင့် တွေ့ဆုံခဲ့သည်။

ယင်းတွေ့ဆုံမှုသည် ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ *Channel News Asia* သတင်းဌာနနှင့် အင်တာဗျူးအပေါ် တုံ့ပြန်သည့် အရပ်ဘက်လူထုအဖွဲ့အစည်း ၂၄၇ ဖွဲ့တို့မှ ပူးတွဲထုတ်ပြန်ခဲ့သော ထုတ်ပြန်ကြေညာချက်၏ နောက်ဆက်တွဲဖြစ်သည်။

၎င်းတို့၏ ထုတ်ပြန်ကြေညာချက်ထဲတွင် ပါရှိသော စိုးရိမ်ပူပန်မှုများကို ထပ်လောင်းဆွေးနွေးသည့် တစ်ချိန်တည်းတွင် ထို CSO ကိုယ်စားလှယ်များက ပြည်သူများသည် ဖက်ဒရယ်ဒီမိုကရေစီကို အခြေခံသည့် မြန်မာနိုင်ငံအသစ်အတွက် စုစည်းညီညွတ်သောအမြင်ကို ၎င်းတို့ကိုယ်တိုင် ဖော်ထုတ်လာကြခြင်းဖြစ်ပြီး မြန်မာပြည်သူလူထု၏ တော်လှန်ရေးသည် ငြိမ်းချမ်းသော မြန်မာနိုင်ငံဖြစ်ပေါ်လာရေးအတွက် မကြုံဖူးသော အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂအထူးကိုယ်စားလှယ်အား အလေးအနက်ထား ပြောကြားခဲ့သည်။

ပြည်သူလူထု၏ တောင်းဆိုမှုများမှာ ရှင်းလင်းနေပြီးဖြစ်သည် - မြန်မာနိုင်ငံအသစ်အား ဖော်ဆောင်ရာတွင် စစ်တပ်ကို နိုင်ငံရေး၌ ထည့်သွင်းမထားပေ။

စစ်အုပ်စုက ကြိုးကိုင်ခြယ်လှယ်ကျင်းပမည့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ရွေးကောက်ပွဲကို ဦးတည်၍ အာဏာခွဲဝေသည့် ဖြေရှင်းမှုမျိုးတွင် ပါဝင်လာစေရန် မြန်မာနိုင်ငံရှိ နိုင်ငံရေးအစုအဖွဲ့များကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများမှ သိမ်းသွင်းနိုင်ခြေရှိသည့် အခြေအနေအပေါ် စိုးရိမ်ကြောင်းကိုလည်း ကိုယ်စားလှယ်များက ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းတွေ့ဆုံမှုတွင် ပါဝင်ခဲ့သော ကိုယ်စားလှယ်များက လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် စစ်အုပ်စု သို့မဟုတ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စစ်အုပ်စု တို့အကြားက ပြဿနာမဟုတ်ဘဲ စစ်အုပ်စုက နိုင်ငံအပေါ် စစ်ဆင်နေခြင်းနှင့် ပြည်သူများအပေါ် အကြမ်းဖက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်နေခြင်း တို့ဖြစ်သည်ကို ကုလသမဂ္ဂ အနေဖြင့် နားလည်ရန် အလွန်အမင်း အရေးကြီးကြောင်းကိုလည်း အလေးပေး ဖော်ပြခဲ့သည်။

ထို့အပြင် တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု ရှိလာစေရေး လိုအပ်ချက်ကိုလည်း ကိုယ်စားလှယ်များက အလေးအနက်ထား ထုတ်ဖော်ပြောကြားခဲ့သည်။ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများဖြစ်သည့် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ထားသော အကြမ်းဖက်စစ်အုပ်စုမှ တာဝန်ယူမှုတာဝန်ခံမှု ရှိလာစေရန် နှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အုပ်စုကို စားပွဲဝိုင်းတွင် ထိုင်ခုံနေရာပေးခြင်း သို့မဟုတ် တရားဝင်စေခြင်းအားဖြင့် အာဏာများ ထပ်လောင်း မပေးအပ်ရန်လည်း ဖောင်းပေးပြောကြားခဲ့သည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ "ဒီအချိန်မှာ စစ်တပ်က ထိန်းချုပ်ထားတယ်" ဆိုသည့် ဖြေကြားချက်နှင့် ပတ်သက်၍လည်း ၎င်းတို့၏ စိုးရိမ်ပူပန်မှုကို ကိုယ်စားလှယ်များက ထပ်လောင်းထုတ်ဖော်ပြောကြားခဲ့ပြီး ယင်းဖြေကြားချက်သည် မြေပြင်ရှိ အမှန်တကယ်ဖြစ်ပွားနေသည့် အခြေအနေအပေါ် လွဲမှားသောနားလည်မှုကို အခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း ဖြစ်ကြောင်းကိုလည်း ထောက်ပြခဲ့သည်။ မြန်မာပြည်သူများသည် တရားမဝင်သော အကြမ်းဖက် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သည့် ဖိစီးနှိပ်စက်မှု နည်းနာများကို ခုခံတော်လှန်နေကြပြီး စစ်အုပ်စုအနေဖြင့် နိုင်ငံအတွင်းရှိ နယ်မြေ၊ နိုင်ငံရေး သို့မဟုတ် စီးပွားရေးအရ ထိန်းချုပ်လွှမ်းမိုးမှု မရှိစေရန် တစ်နှစ်ကျော်ကြာလာသည်အထိ ဆန့်ကျင်တားဆီးနိုင်ခဲ့သည့် ဤသမိုင်းဝင် ခုခံတွန်းလှန်မှုကို အသိအမှတ်ပြုရန်အတွက်လည်း ကိုယ်စားလှယ်များက ကုလသမဂ္ဂကို တိုက်တွန်းခဲ့သည်။

ထို့မျှသာမက ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်အာဏာများမှာ သမိုင်းအစဉ်အလာအရ ထိရောက်မှု မရှိခဲ့သည်ကို အဖွဲ့အစည်းများက ထောက်ပြခဲ့သည်။ ယင်းအဖွဲ့အစည်းများက အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်အာဏာကို သမားရိုးကျ ချဉ်းကပ်မှုဖြစ်သော ငြိမ်းချမ်းရေးအကျိုးဆောင်မှုမှသည် တာဝန်ယူမှု တာဝန်ခံမှုကို ဗဟိုပြုရေးအတွက် အပြောင်းအလဲ လုပ်ဆောင်ပြီး အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ဖော်ဆောင်ခြင်း၊ လက်ရှိမြေပြင် အခြေအနေကို ထင်ဟပ်သည့် အခန်းကဏ္ဍ၏ဆက်စပ်မှု အားကောင်းစေခြင်း တို့အတွက် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို ပြင်ဆင်ပြောင်းလဲရန် တိုက်တွန်းခဲ့သည်။ ထိုလုပ်ပိုင်ခွင့်အာဏာတွင် မြန်မာနိုင်ငံအရေးဆိုင်ရာ ပါဝင်သက်ဆိုင်သူများအားလုံးအနေဖြင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အပါအဝင် လက်နက်ကိုင် ပဋိပက္ခအခြေအနေများအတွင်း အရပ်သားပြည်သူများအား ကာကွယ်ပေးခြင်းနှင့်သက်ဆိုင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ လိုက်နာစေရေး သေချာစေခြင်း အပိုင်းကိုလည်း ထည့်သွင်းရန် ထိုအဖွဲ့အစည်းများက တိုက်တွန်းထားသည်။

ထို့အပြင် ထိုတွေ့ဆုံပွဲတွင် ပါဝင်ခဲ့သော ကိုယ်စားလှယ်များက မြန်မာပြည်သူများ၏ အသံများကို ဦးစားပေးရေး သေချာစေရန် လိုအပ်သော အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်ရန်၊ နှင့် မြန်မာအရပ်ဘက်လူထု အဖွဲ့အစည်းများနှင့် အားလုံးပါဝင်မှုရှိသည့် အားကောင်းသော ထိတွေ့ဆက်ဆံမှုများ ပါဝင်သည့် လုပ်ထုံးလုပ်နည်းများကို သေချာစွာလုပ်ဆောင်ရန်အတွက်လည်း ကုလသမဂ္ဂအထူးကိုယ်စားလှယ်ကို တိုက်တွန်း တောင်းဆိုခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ အဖွဲ့အစည်းများအနေဖြင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့် ထိတွေ့ဆက်ဆံမှုများ ဆက်လက်လုပ်ဆောင်သွားရန် အဆင်သင့်ရှိကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခဲ့သည်။

နောက်ဆုံးအနေဖြင့် အဖွဲ့အစည်းများက မြန်မာပြည်သူလူထုနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ အကြံပြုတိုက်တွန်းချက်များကို ကုလသမဂ္ဂ၊ အာဆီယံနှင့် ပိုမိုကျယ်ပြန့်သော နိုင်ငံတကာအသိုင်းအဝိုင်းများသို့ တင်သွင်းပေးရန် ကုလသမဂ္ဂအထူးကိုယ်စားလှယ်ကို တောင်းဆိုခဲ့သည်။ အကြံပြုတိုက်တွန်းချက်များထဲတွင် အောက်ပါအချက်များ ပါဝင်သည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့်ပတ်သက်၍ ကုလသမဂ္ဂ၊ အာဆီယံနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသော အဖွဲ့အစည်းများသည် အောက်ပါအချက်များကို လိုက်နာရမည် -**

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရာတွင် စစ်အုပ်စုနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း မပြုရန်၊ နှင့် ပြည်သူများအပေါ် အကြမ်းဖက်လှုပ်ရှားမှုများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီကို စစ်အုပ်စုမှ လက်နက်သဖွယ် အသုံးချမှု သို့မဟုတ် ၎င်းတို့၏ တရားဝင်မှု ရရှိရေးအတွက် အသုံးချမှုများ မရှိစေရေး တားဆီးလုပ်ဆောင်ရန်၊
- နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများ၊ နယ်မြေခံ လူသားချင်းစာနာထောက်ထားမှုနှင့် ကျန်းမာရေးဆိုင်ရာ ကွန်ရက်များ၊ တိုင်းရင်းသားဝန်ဆောင်မှုပေးသူများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို တိုက်ရိုက်ပေးအပ်ရန်၊
- လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြေရှင်းရာတွင် ခွဲခြားဆက်ဆံမှု မရှိစေရေး နှင့် "မည်သူ့မျှ ထိခိုက်နစ်နာမှု မရှိစေရေး" အခြေခံမူများ၏ လမ်းညွှန်ချက်ဖြင့် ဘက်စုံခြုံငုံသော မဟာဗျူဟာတစ်ရပ် ရှိလာစေရေးနှင့် နှင့် မြန်မာနိုင်ငံအတွင်း ထိတွေ့ဆောင်ရွက်မှုများ အားလုံးသည် လက်ရှိဖြစ်ပွားနေသည့် ပြင်းထန်ဆိုးရွားသော လူ့အခွင့်အရေးနှင့် လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်များအခြေအနေနှင့် ၎င်းအား လျှော့ချရေး အကဲဖြတ်ဆန်းစစ်မှုများအပေါ်တွင်သာ မူတည်သည့် ထိရောက်သော အစီအမံများကို သေချာစွာ လုပ်ဆောင်ရန်၊
- ရန်ပုံငွေများနှင့် အကူအညီများကို မည်သို့ခွဲခြမ်းသတ်မှတ်ခြင်းနှင့် မြေပြင်တွင် မည်သည့်နေရာများသည် ချက်ချင်းအရေးပေါ်လိုအပ်ချက် အရှိဆုံးနေရာများဖြစ်သည်တို့ကို သတ်မှတ်ခြင်း အပါအဝင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အကူအညီများ ဖြန့်ဝေပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးတိုင်ပင်ခြင်း နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခြင်းအားဖြင့် လူထုအသိုင်းအဝိုင်း၏ ပါဝင်မှုကို သေချာစွာလုပ်ဆောင်ရန်၊
- နိုင်ငံတစ်ဝှမ်း ပိုမိုနက်ရှိုင်းလာနေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြေရှင်းရန် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs)/

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) နှင့် ဆွေးနွေးတိုင်ပင်ပြီး MOU များ ချုပ်ဆိုရန်၊

- ပဋိပက္ခနှင့်ဆက်စပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးနေသည့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများအတွက် ရန်ပုံငွေ ထောက်ပံ့မှုဆိုင်ရာ အကန့်အသတ်နှင့် ရှုပ်ထွေးမှုများကို လျှော့ချပေးရန်။

**ASEAN သို့ -**

- အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် EAO/ ERO များကို အသိအမှတ်ပြုပြီး တရားဝင် ဆက်သွယ်ဆောင်ရွက်မှုများ လုပ်ဆောင်ရန်၊
- သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီများအတွက် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေးစင်တာ (AHA Centre) တွင် ဆိုးရွားသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေကို ကိုင်တွယ်နိုင်ရန်အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို စစ်အုပ်စုမှ နည်းနာနှင့် နိုင်ငံရေးအကျိုးအမြတ် အသာစီးရရှိမှု မရှိစေရေး ပေးပို့နိုင်ရန် လုပ်ပိုင်ခွင့်အာဏာ၊ စွမ်းဆောင်ရည် သို့မဟုတ် လွတ်လပ်အမှီအခိုကင်းမှု မရှိသည်ကို အသိအမှတ် ပြုရမည်ဖြစ်ပြီး ကုလသမဂ္ဂဦးဆောင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ချက် အကူအညီကို တောင်းခံရန်၊
- စစ်အုပ်စုနှင့် ၎င်း၏ကိုယ်စားလှယ်များကို အစည်းအဝေးများ၊ ဖိုရမ်များနှင့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ခေါ်ခြင်း နှင့် အမျိုးမျိုးသော အာဆီယံ၏ အဖွဲ့အစည်းများတွင် တစ်စိတ်တစ်ပိုင်း အနေဖြင့်ဖြစ်စေ၊ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစေခြင်းဖြင့်ဖြစ်စေ ပါဝင်မှု ခွင့်ပြုခြင်းများကို ရပ်တန့်ရန်။

**ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) သို့ -**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အောက်ပါအချက်များ ပါဝင်သော မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ကို ချမှတ်ရမည် -

- မြန်မာစစ်အုပ်စုအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ခဲယမ်း တင်ပို့ရောင်းချမှု ပိတ်ပင်ခြင်းနှင့် လက်နက်နှင့် အရပ်ဘက်-စစ်ဘက် နှစ်မျိုးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို ပိတ်ပင်တားဆီးရန်၊
- မြန်မာစစ်တပ်နှင့် ဆက်နွယ်သော စီးပွားရေးလုပ်ငန်းများ၊ ၎င်းတို့၏ မိတ်ဖက်လုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်သူများကိုသာမက ၎င်းတို့၏ လက်နက်ရောင်းဝယ်သူ ကွန်ရက်များကိုပါ ပစ်မှတ်ထား အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ရန်၊ နှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်းကိုလည်း ပိတ်ဆို့အရေးယူရန်၊

- မတရားဖမ်းဆီးထိန်းသိမ်းထားသော နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန်အပြင် ပြည်သူများအပေါ် ထုတ်ထားသည့် ဖမ်းဝရမ်းများအားလုံးကို ရုပ်သိမ်းပေးရန်၊

- လက်နက်မဲ့ အရပ်သားပြည်သူများ၊ ပြည်သူများ၏ ပိုင်ဆိုင်ပစ္စည်းများ၊ ရွာများ၊ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ ခိုလှုံရာစခန်းများ၊ နှင့် ဘာသာရေးအဆောက်အဦးများ၊ ကျောင်းများ၊ ဆေးရုံများနှင့် သမိုင်းဝင်အဆောက်အအုံများ အပါအဝင် အဆောက်အဦးများအား လေကြောင်းမှ အရမ်းကာရော ပစ်ခတ်တိုက်ခိုက်မှုများအပေါ် မြန်မာစစ်အုပ်စုကို အပြင်းထန်ဆုံးသော စကားလုံးများဖြင့် ရှုတ်ချရန်၊

- စစ်အုပ်စုမှ လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ခြင်း မပြုနိုင်ရန်အတွက် လေယာဉ်ဆီရောင်းချပေးမှုကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ပဋိပက္ခဖြစ်ပွားသောဒေသများ အထူးသဖြင့် နယ်စပ်ဒေသများတွင် လေယာဉ်မပျံသန်းရဇုန် သတ်မှတ်ရန်၊

- မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းရန်။

*ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -*


- ဒေါ်ခင်ဉမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org

- နန်းမိုမို့၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ secretariat@womenofburma.org

- နော်ဝါးခူရှီး၊ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်၊ Wahku80@gmail.com